# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ၂၀၂၁ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ အခွန်အခဥပဒေ

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၆၂/ ၂၀၂၁)**

**၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်**

**(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၂၁ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ အခွန်အခဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **အခွန်အခ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၅) ပါ တိုင်းဒေသကြီးအစိုးရအဖွဲ့က ကောက်ခံပိုင်ခွင့်ရှိသည့် အခွန်အခများကို ဆိုသည်။

(ခ) **ဥပဒေ** ဆိုသည်မှာ ၂၀၂၁ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ အခွန်အခဥပဒေကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာဌာန** ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အတွက် ကောက်ခံသော အခွန်အခ များကို တာဝန်ယူကောက်ခံသည့်ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများ၏ ဌာနအဖွဲ့အစည်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် ရန်ကုန်တိုင်းဒေသကြီး နယ်နိမိတ်အတွင်း အခွန်အခကောက်ခံပေးသည့် အဖွဲ့အစည်းများ အားလုံးကိုဆိုသည်။

(ဃ) **အခွန်နှုန်း** ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အတွက် ကောက်ခံရန် သတ်မှတ် ထားသည့် အခွန်အခနှုန်းထားများကို ဆိုသည်။

## အခန်း (၂)
## ကောက်ခံရမည့် အခွန်လျာထားချက်

၄။ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အခွန်အခရငွေသည် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ နောက်ဆက်တွဲ (ည) ပါ အခွန်အခကောက်ခံရန် လျာထားချက် ဖြစ်သည်။

## အခန်း (၃)

## သက်ဆိုင်ရာဌာနများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ သက်ဆိုင်ရာဌာနများသည် ဤဥပဒေ၏ နောက်ဆက်တွဲ (ည) ပါ အခွန်အခကောက်ခံရန် လျာထားချက်ကို ကောက်ခံရရှိရေးအတွက် စီမံကြီးကြပ်ရမည်။

၆။ သက်ဆိုင်ရာဌာနများသည် ဤဥပဒေပါ သတ်မှတ်အခွန်နှုန်းအတိုင်း အခွန်အခများကို ကောက်ခံရန် တာဝန်ရှိမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

၇။ ပြည်ထောင်စုအစိုးရက ဥပဒေပြဋ္ဌာန်း၍ စီမံကောက်ခံနေသော အခွန်အခများမှအပ ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနများသည် ၎င်းတို့ကောက်ခံနေသည့် အခွန်အခများ အတွက် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် မူလဥပဒေ၏ အဓိပ္ပာယ်မပြောင်းလဲစေဘဲ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

## အခန်း (၄)

## အခွန်အခအမျိုးအစားများနှင့် အခွန်နှုန်း

၈။ မြေယာခွန်နှင့်စပ်လျဉ်း၍ နောက်ဆက်တွဲ (က) ပါ စည်းကြပ်ကောက်ခံနေသော မြေယာခွန်ပါ အခွန်နှုန်းအတိုင်း ကောက်ခံ၍ ရန်ကုန်တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်း ပေးသွင်းရမည်။

၉။ ယစ်မျိုးခွန်နှင့်စပ်လျဉ်း၍ နောက်ဆက်တွဲ (ခ) ပါ စည်းကြပ်ကောက်ခံနေသော ယစ်မျိုးခွန်ပါ အခွန်နှုန်းအတိုင်း ကောက်ခံ၍ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းရမည်။

၁၀။ ဝင်ငွေခွန်နှင့်စပ်လျဉ်း၍ နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ သတ်မှတ် ထားသည့် အခွန်နှုန်းအတိုင်း ပြည်တွင်းအခွန်များဦးစီးဌာနကကောက်ခံ၍ ဝင်ငွေခွန်ဥပဒေပါ ပြဋ္ဌာန်းချက် နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသော ရာခိုင်နှုန်းအချိုးအတိုင်း ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းရမည်။

၁၁။ ကုန်သွယ်လုပ်ငန်းခွန်နှင့်စပ်လျဉ်း၍ နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ အရ သတ်မှတ်ထားသည့် အခွန်နှုန်းအတိုင်း ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံ၍ ကုန်သွယ် လုပ်ငန်းခွန် ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသော ရာခိုင်နှုန်း အချိုးအတိုင်း ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းရမည်။

၁၂။ အထူးကုန်စည်ခွန်နှင့်စပ်လျဉ်း၍ နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ သတ်မှတ်ထားသည့် အခွန်နှုန်းအတိုင်း ပြည်တွင်းအခွန်များဦးစီးဌာနကကောက်ခံ၍ အထူးကုန်စည်ခွန် ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသော ရာခိုင်နှုန်းအချိုးအတိုင်း ရန်ကုန်တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းရမည်။

၁၃။ တံဆိပ်ခေါင်းခွန်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေနှင့် ရန်ကုန်မြို့တော်စည်ပင် သာယာရေးဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံ၍ ယင်းဥပဒေ များပါ နည်းလမ်းများအတိုင်း တံဆိပ်ခေါင်းခွန် ၂ ရာခိုင်နှုန်းကို ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းရမည်။

၁၄။ ဓာတ်သတ္တုခွန်နှင့်စပ်လျဉ်း၍ နောက်ဆက်တွဲ (ဂ) ပါ စည်းကြပ်ကောက်ခံနေသော ဓာတ်သတ္တုခွန်ပါ အခွန်နှုန်းအတိုင်း ကောက်ခံ၍ ရန်ကုန်တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းရမည်။

၁၅။ ပြည်ထောင်စုမှကောက်ခံသည့် အခွန်အခများမှအပ ငါးလုပ်ငန်းဆိုင်ရာအခွန်အခများနှင့်စပ်လျဉ်း၍ နောက်ဆက်တွဲ (ည) ပါ စည်းကြပ်ကောက်ခံနေသော အခွန်နှုန်းအတိုင်း ကောက်ခံ၍ ရန်ကုန် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းရမည်။

၁၆။ သစ်တောခွန်နှင့်စပ်လျဉ်း၍ နောက်ဆက်တွဲ (ဃ) ပါ စည်းကြပ်ကောက်ခံနေသော သစ်တောခွန်ပါ အခွန်နှုန်းအတိုင်း ကောက်ခံ၍ ရန်ကုန်တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းရမည်။

၁၇။ စည်ပင်သာယာရေးဆိုင်ရာအခွန်အခများနှင့်စပ်လျဉ်း၍-

(က) နောက်ဆက်တွဲ (င) ပါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စည်းကြပ်ကောက်ခံ နေသော အခွန်နှုန်းအတိုင်းကောက်ခံ၍ ရန်ကုန်တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်း ရမည်။

(ခ) နောက်ဆက်တွဲ (စ) ပါ ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့မှ စည်းကြပ်ကောက်ခံ နေသော အခွန်နှုန်းအတိုင်းကောက်ခံ၍ ရန်ကုန်တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်း ရမည်။

၁၈။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် တိုက်ခန်းအဆောက်အအုံဆိုင်ရာ အခွန်အခများ နှင့်စပ်လျဉ်း၍တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်ယူကောက်ခံပြီး ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းရမည်။

၁၉။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ယာဉ် မှတ်ပုံတင်ခ၊ စစ်ဆေးခနှင့်စပ်လျဉ်း၍ ကောက်ခံရရှိသောအခရငွေမှ ပြည်ထောင်စုကသတ်မှတ်ပေးသော ရာခိုင်နှုန်းအချိုးအတိုင်း ရန်ကုန်တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းရမည်။

၂၀။ တာတမံခွန်နှင့်စပ်လျဉ်း၍ နောက်ဆက်တွဲ (ဆ) ပါ စည်းကြပ်ကောက်ခံနေသော တာတမံခွန်ပါ အခွန်နှုန်းအတိုင်းကောက်ခံ၍ ရန်ကုန်တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းရမည်။

၂၁။ ဆားခွန်နှင့်စပ်လျဉ်း၍ နောက်ဆက်တွဲ (ဇ) ပါ စည်းကြပ်ကောက်ခံနေသော ဆားခွန် (လိုင်စင်ကြေး) ပါ အခွန်နှုန်းအတိုင်း ကောက်ခံ၍ ရန်ကုန်တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းရမည်။

၂၂။ ရုပ်ရှင်ရုံနှင့် ဗီဒီယိုဆိုင်ရာ အခွန်အခများနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ပိုင် ရုပ်ရှင်ရုံနှင့် ဗီဒီယိုလုပ်ငန်းများအား ငှားရမ်းခြင်း၊ ကြီးကြပ်ခြင်းနှင့်စပ်လျဉ်းသော အခွန်အခများကို ရန်ကုန်တိုင်း ဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းရမည်။

၂၃။ ပြပွဲ၊ ဖျော်ဖြေပွဲအခွန်အခများနှင့်စပ်လျဉ်း၍ နောက်ဆက်တွဲ (ဈ) ပါ စည်းကြပ်ကောက်ခံနေသော ပြပွဲ၊ ဖျော်ဖြေပွဲအခွန်နှုန်းအတိုင်း ကောက်ခံ၍ ရန်ကုန်တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်း ပေးသွင်းရမည်။

၂၄။ အောက်ဖော်ပြပါ အခွန်အခများပေါ်တွင် ပြည်ထောင်စုကပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ ဆောင်ရွက် ရမည်-

(က) ပြည်ထောင်စုကပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည့် အရင်းအနှီးဆိုင်ရာအခွန်အခ များ၊

(ခ) ပြည်ထောင်စုကပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည့် အာမခံလုပ်ငန်းများ၊

(ဂ) ပြည်ထောင်စုကပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည့် အကောက်ခွန်ဆိုင်ရာ အခွန်အခ များ၊

(ဃ) ပြည်ထောင်စုကပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည့် ခရီးသွားလာရေးဆိုင်ရာ အခွန်အခများ၊

(င) ပြည်ထောင်စုကပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည့် စာချုပ်စာတမ်း မှတ်ပုံတင်ခြင်း ဆိုင်ရာ အခွန်အခများ၊

(စ) ပြည်ထောင်စုကပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည့် သဘာဝဓာတ်ငွေ့ဆိုင်ရာ အခွန်အခများ၊

(ဆ) ပြည်ထောင်စုကပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည့် သတ္တုနှင့်သတ္တုတွင်းဆိုင်ရာ အခွန်အခများ၊

(ဇ) ပြည်ထောင်စုကပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက်ရတနာဆိုင်ရာ အခွန်အခများ၊

(ဈ) ပြည်ထောင်စုကပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းနှင့်အုပ်စု (၁) အမျိုးအစားတွင်ပါဝင်သော သစ်ယာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သဃ်န်းနက်၊ တမလန်းများနှင့် သက်ဆိုင်သည့်အခွန်အခများ၊

(ည) ပြည်ထောင်စုကပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည့် စက်မှုလုပ်ငန်းဆိုင်ရာ အခွန်အခများ၊

(ဋ) ပြည်ထောင်စုကပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည့် စက်လှေ၊ သင်္ဘောငယ်များ တည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးဆိုင်ရာ အခွန်အခများ၊

(ဌ) ပြည်ထောင်စုကပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည့် လေကြောင်းသယ်ယူ ပို့ဆောင် ရေးဆိုင်ရာ အခွန်အခများ၊

(ဍ) ပြည်ထောင်စုကပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အိမ်ရာနှင့်အဆောက်အအုံများဆိုင်ရာ အခွန်အခများ၊

(ဎ) ပြည်ထောင်စုကပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည့် ကိုယ်ပိုင်ကျောင်းနှင့် သင်တန်း များဆိုင်ရာ အခွန်အခများ၊

(ဏ) ပြည်ထောင်စုကပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည့် ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများဆိုင်ရာ အခွန်အခများ၊

(တ) ပြည်ထောင်စုကပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည့် စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း ဆိုင်ရာ အခွန်အခများ။

## အခန်း (၅)

## အခွန်မကျသင့်သည့် ပမာဏနှင့်အခွန်နှုန်းသတ်မှတ်ခြင်း

၂၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့မှ ကောက်ခံပိုင်ခွင့်ရှိသည့် အခွန်အခများကိုကောက်ခံရာတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အခွန်မကျသင့်သည့် ငွေပမာဏနှင့် အခွန်နှုန်းကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ပြုနိုင်သည်။

## အခန်း (၆)

## ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ

၂၆။ ကုန်စည်တစ်မျိုးမျိုးအတွက်ဖြစ်စေ၊ ဝန်ဆောင်မှုတစ်မျိုးမျိုးအတွက်ဖြစ်စေ၊ အခွန်ထမ်းတစ်ဦးဦး အတွက်ဖြစ်စေ၊ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်းတို့ကို ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

## အခန်း (၇)

## အထွေထွေ

၂၇။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဤဥပဒေပါ အခွန်နှုန်းကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းဆောင်ရွက်လိုလျှင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးတွင် ဆွေးနွေး ဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၂၈။ (က) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အခွန်အခကောက်ခံသည့် သက်ဆိုင်ရာဌာနများသည် ဤဥပဒေ၏ နောက်ဆက်တွဲ (ည) ပါ အခွန်အခကောက်ခံရန်လျာထားချက်အပေါ် ကောက်ခံရရှိမှု အခြေအနေနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အခွန်ခွဲဝေရရှိမှုအခြေအနေတို့ကို ရန်ကုန်တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနသို့ ပေးပို့ရမည်။

(ခ) ရန်ကုန်တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် အခွန်အခကောက်ခံသည့် သက်ဆိုင်ရာ ဌာနများမှ ပေးပို့လာသည့် အခွန်အခ ကောက်ခံရရှိမှုစာရင်းများကို စုစည်း၍ တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် သုံးသပ်ချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြ ရမည်။

၂၉။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဤဥပဒေ၏ နောက်ဆက်တွဲ (ည) ပါ အခွန်အခကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးတွင် အစီရင်ခံတင်ပြရမည်။

၃၀။ ဤဥပဒေအရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် အခွန်အခကောက်ခံသည့် သက်ဆိုင်ရာဌာန များနှင့် အခွန်အခဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ခြင်းကို ဆောင်ရွက်နိုင်သည်။ သက်ဆိုင်ရာဌာနများက တောင်းခံလာသည့် သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်းနှင့် လိုအပ်သည့် သတင်းအချက်အလက်များ ရယူခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၃၁။ ဤဥပဒေအရ ကောက်ခံရမည့် အခွန်အခလျာထားချက်များ ပြည့်မီကျော်လွန်အောင် ကောက်ခံ ရရှိနိုင်ရေး ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊ တားဆီးပိတ်ပင်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ အလားတူ သက်ဆိုင်ရာဌာနများက အကူအညီတောင်းခံလာပါကလည်း ပူးပေါင်းဆောင်ရွက်ပေးရမည်။

၃၂။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် နှစ်စဉ်ကောက်ခံရရှိသော အခွန်အခရငွေစာရင်းနှင့် အသုံးစရိတ်စာရင်းများကို နှစ်စဉ်ထုတ်ပြန်ကြေညာရမည်။

၃၃။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် အခွန်အခပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ အခွန်အခပေးဆောင်လာစေရေးအတွက် ပြည်သူများသို့ အခွန်ပညာပေးခြင်း၊ စည်းရုံးခြင်း၊ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်အခဆိုင်ရာ သက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ အခွန်ဆိုင်ရာတာဝန်ကျေပွန်သည့် အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်း၊ ထိုက်သင့်သော ချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်းတို့ ပြုလုပ်ပေးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်။

ပုံ (မင်းအောင်လှိုင်)

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ